ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project (NCDDP)



Figure 1

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
## မင်္ဂလွန်းကျေးရွာ၊မင်္ဂလွန်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ် မြေပုံ....................................................................................၁

၂။မင်္ဂလွန်းကျေးရွာအုပ်စုမြေပုံ...................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ..............................၄

၄။ကျေးရွာအခြေခံအချက်အလက်များ .........................................................................၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇

၈။ ကျေးရွာကော်မတီဝင်များစာရင်း...........................................................................၂၅


၉။ပုံစံ-၁။ကျေးရွာအချက်အလက်............................................................................ ၂၄

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......................................................၂၇

၁၁။အစည်းအဝေးမှတ်တမ်းများ ...............................................................................၂၉

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)......................................၃၂

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

### ၂။ မင်္ဂလွန်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။မင်္ဂလွန်းကျေးရွာ၊

၂။အေးချမ်းသာကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

မင်္ဂလွန်းစံပြကျေးရွာကြီးကို ၁၂၅၇ခုနှစ်ဂန်းကျင်ခန့်ကမင်္ဂလုတ်ရွာအနေဖြင့်တည်ခဲ့ကြောင်း၊ မဟာအတုလဥသျှောင်ကိုးထပ်ကြီးဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ရာ ရွာ၏အနောက်ဘက်တွင် ဘုရားတည်ရှိခဲ့သောကြောင့် ဘုရားတန်ဆောင်းကြီး၏အနောက်ဘက်တွင်ကပ်လျက် ယခုမင်္ဂလွန်း ကျေးရွာကို စတင်တည်ထောင် ခဲ့ပါသည်။ ၄င်းကိုထပ်ကြီးဘုရားကို၁၂၇၁ခုနှစ် တွင်ဓါတ်တော်ပေါင်း (၁၇၀၀)ခန့်နှင့် ဌာပနာသွင်းတည်ထားခဲ့ကြောင်းလည်းသိရှိရပါသည်။ ကျေးရွာတွင်းရှိဖုန်လမ်းငယ်များ၊ သစ်သားတံတားငယ်များကိုလည်း ဖျက်သိမ်းပြီး ကွန်ကရစ်လမ်းသို့ရောက်ရှိခဲ့ပြီး ထပ်မံခင်းရန် လမ်း အနည်းငယ်သာ ကျန်ရှိပါတော့သည်။ ဆရာတော်ကြီးမှကျောင်းသားကျောင်းသူများ ရွာလယ်တံတားမှ ကျောင်းသွားရန်ဝေးကွာသောကြောင့် စာသင်ကျောင်းဖျက်လမ်းအဖြစ် နောက်ထပ်တံတားတစ်စင်းထပ်မံ တည်ဆောက်ရန် ရည်ရွယ်ပြီးတံတားတစ်စင်းနှင့်လူသွားလမ်း၄ဖာလုံခန့်ကို စတင်တည်ဆောက်နေပြီး ကျပ်သိန်း(၅၀၀)ခန့် ကုန်ကျမည်ဖြစ်သောကြောင့်ငွေကြေးများကိုစတင်စုဆောင်းနေပြီဖြစ်သည်။ လျှပ်စစ်မီးကိုလည်းကိုယ်ထူကိုယ်ထစနစ်ဖြင့် သုံးစွဲခဲ့ရပါသည်။ မင်္ဂလွန်းကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ပညာရေးတိုးတက်မြင့်မားရေးတို့ကိုလည်းဆောင်ရွက်လျှက်ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျှက်ရှိရာ ၂၀၁၆ခုနှစ်တွင် ၂၅ကုတင်ဆန့် တိုက်နယ်ဆေးရုံကိုလည်းတည်ဆောက်ပြီးစီးပြီး ဖြစ်ပြီးမကြာခင် ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။ ကျေးရွာတွင်အားကစားကွင်းရှိပါသော်လည်း လှူဒါန်းခဲ့သောပိုင်ရှင်၏သားသမီးများမှပြန်လည်တောင်းယူထားပါသဖြင့် အသုံးမပြုရဖြစ်နေပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ အိုးမဲ့အိမ်မဲ့များလည်းရှိလာပါသည်။ မင်္ဂလွန်းစံပြကျေးရွာကြီးသည်လူဦးရေ(၅၀၀၀)ကျော်၊ အိမ်ထောင်စု (၁၀၄၆)စုဖြင့်ကျေးရွာအုပ်စုကြီးတစ်ရွာဖြစ်သော်လည်း ရဲစခန်းမရှိသောကြောင့်စာစစ်စင်တာပြုလုပ်၍ မရခြင်း၊ လမ်းဘေးကျူးကျော်များအဖြစ်အိမ်ထောင်စု(၅၀)ခန့် ရှိနေခြင်းများမှလွဲ၍ကျေးရွာသူ ကျေးရွာသားများမှာ ပျော်ရွှင်စွာနေထိုင်ကြပါသည်။ ကျေးရွာသူကျေးရွာသားအများစုမှာ တောင်သူ လယ်သမားများဖြစ်ပြီး စိုက်ပျိုးမြေဧကပေါင်း (၄၆၃၁)ဧကကိုလုပ်ကိုင်လျှက်ရှိပြီး နစ်စဉ်နိုင်ငံတော်အတွက် စပါးများကိုပိုလျှံစွာထုတလုပ်ပေးလျက်ရှိသည်။ မွေးမြူရေးကဏ္ဍတွင်လည်းကြက်၊ ဘဲ၊ ဆိတ်၊ ဝက်တို့အပြင် သဘာဝရေငန်ပုဇွန်မွေးမြူရေးဇုန်များပြုလုပ်ပြီး ကျားပုဇွန်နှင့်ဂဏန်း၊ ငါးမျိုးစုံတို့ကိုလည်း ပြည်တွင်းစားသုံးရန်အပြင် ပြည်ပသို့တင်ပို့နိုင်သဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေပေးသော လုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင်လည်း ဆန်၊ စပါးသာမက ပဲတီစိမ်းများကိုပါ စိုက်ပျိုးပြီးနိုင်ငံခြားဝင်ငွေများ တိုးပွားစေခဲ့ပါသည်။ မင်္ဂလွန်းစံပြကျေးရွာသည် ၁၄စတုရန်းမိုင်ခန့်ကျယ်ဝန်းပြီး အရှေ့အနောက်(၂)မိုင်၊ တောင်မြောက်(၇)မိုင်ခန့်ဝေးကွာသော်လည်းလူဦးရေအချိုး၊ လုပ်ငန်းအချိုးနှင့်ကိုက်ညီသောကြောင့် ကျေးရွာသူကျေးရွာသားများအနေဖြင့်ဒုစရိုက်ကင်းရှင်းပြီးငြိမ်းချမ်းသာယာစွာဖြင့် ဘာသာသာသနာကို ကိုးကွယ်ယုံကြည်၍ အေးချမ်းသာယာစွာနေထိုင်လျက်ရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၈၅ | ၂၂၃ | ၂၈၀ | ၅၀၃ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၀၀ | ၁၄၀ | ၁၆၀ | ၃၀၀ |
| မြေယာမဲ့ | ၁၆၀ | ၂၃၀ | ၂၇၀ | ၅၀၀ |
| မသန်စွမ်း | ၁၀ | ၅ | ၅ | ၁၀ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင်၊စက်ချုပ်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | စပါးအရောင်းအဝယ် | ဓနိထိုးခြင်း |
|  | ဆိတ် | ပဲတီစိမ်းရောင်းအဝယ် | ရေလုပ်ငန်း |
|  | ဘဲ | ချွေလှေ့စက် | စက်ပြင်၊ တွင်ခုံ |
|  | ရေငန်ပုဇွန် | ဆန်စက် | ပန်းပဲ |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၆၃၁ | ၆၆ | - | ၂ | ၄၅/၁၈ | ၄ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၃၅ | ၅၇ | ၁၀ | ၃၀ | ၇၀ | ၅၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၈၀ | ၁၀၀ | ၅၀ | ၅၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၀၀၊၁၅၀ | ၃၅၀ | ၅ | ၅၀ | ၃၅ |

### ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း၊ ရာအိမ်မှူး၊ ကျေးရွာလူထု | ၉၀ | ၈၈ | ၁၇၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း၊ ကျေးရွာလူထု | ၅ | ၈ | ၁၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ပွဲတော်များ၊ ရေလုပ်ငန်း |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၃-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၉၀ | ၈၈ | ၁၇၈ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၄-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၀ | ၁၅ | ၃၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၄-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၀ | ၁၅ | ၃၅ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၂၀ | ၁၅ | ၃၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

### ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



**သုံးသပ်ချက်**


မင်္ဂလွန်းကျေးရွာသည် ကျောက်တန်းမြို့နယ်နှင့် ၂၅ မိုင်ခန့် ကွာဝေးပါသည်။ စိုက်ပျိုးမြေဧက ၄၆၃၁ ဧက ရှိပါသည်။ အဓိကစိုက်ပျိုးရေးမှာ လယ်/ယာ စိုက်ပျိုးရေးဖြစ်ပြီး စပါးနှင့် ပဲတီစိမ်းကို အဓိကထားစိုက်ပျိုးပါသည်။ ၎င်း ကျေးရွာသည် သောက်သုံးရေကန် ၈ ကန်ရှိပါသည်။ မင်္ဂလွန်းကျေးရွာတွင် အိမ်ထောင်စု ၁၅၆၄ စုရှိသည့်အနက် ဟိန္ဒူအိမ်ထောင်စု ၈၅ စုပါဝင်ပါသည်။

မင်္ဂလွန်းကျေးရွာသည် အလွန်ကြီး၍ မြောက်ဖျားနှင့် အရှေ့ဖျားဆက်သွယ်ရာတွင် ရွာလယ်၌သာ တံတားရှိ၍ သွားလာရသည်မှာ ခက်ခဲပါသည်။ ထို့ကြောင့် မြောက်ဖျားနှင့် အရှေ့ဖျားဆက်သွယ်ရာ

တံတားတစ်စင်း လိုအပ်ပါသည်။ ကျေးရွာတွင် အားကစားကွင်းရှိသော်လည်း မူလလှူဒါန်းခဲ့သော ပိုင်ရှင်၏ သားသမီးများမှာ ခွင့်မပြုသဖြင့် အသုံးပြု၍ မရပါ။ ကျန်းမာရေးအနေဖြင့် တိုက်နယ်ဆေးရုံ (၁) ရုံယခုနှစ်တွင် ဆောက်လုပ်ပြီးစီးပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် တစ်ရွာလုံးတွင် ကိုယ်ထူကိုယ်ထ လမ်းများခင်းထား၍ ငဝါလမ်းတစ်လမ်းသာ ခင်းရန်ကျန်ရှိပါသည်။

ပညာရေးအနေဖြင့် အ.ထ.က ကျောင်းတစ်ကျောင်းရှိသော်လည်း ရဲစခန်းမရှိသည့်အတွက် စာစစ်ဌာနမရှိပါ။ထို့ကြောင့်ကျောင်းသူကျောင်းသားများသည်(၁၀)တန်းကိုကျောက်တန်းသို့သွားရောက်ဖြေဆိုရ ပါသည်။ ထို့ကြောင့် မင်္ဂလွန်းကျေးရွာသည် ဖွံ့ဖြိုးမှု အသင့်အတင့်ရှိသော ရွာတစ်ရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်**




**သုံးသပ်ချက်**

မင်္ဂလွန်းကျေးရွာတွင် ကျေးရွာအဆင့်သတ်မှတ်ရာတွင် ချမ်းသာသောအဆင့်၊ အလယ်အလတ်အဆင့်၊ ဆင်းရဲသောအဆင့်နှင့် နွမ်းပါးသော အဆင့်ဟူ၍ အဆင့်(၄) ဆင့်သတ်မှတ်ထားပါသည်။ ချမ်းသာသောအဆင့်မှာ (၆၄)အိမ်ထောင်စုရှိပါသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများမှာ ကား၊ လယ်ထွန်စက်/ရိတ်သိမ်းစက်၊ ဆန်စက်၊ တိုက်အိမ်၊ လယ်ဧက ၅၀ မှ ၁၀၀ ဧကတို့ဖြစ်ကြပါသည်။

အလယ်အလတ်ဖြစ်သော အိမ်ထောင်စုမှာ ၂၇၀ ရှိပါသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများမှာ လယ်ဧက ၁၀မှ ၁၅ ဧက ကုန်စုံဆိုင်၊ စက်လှေ ၊ ဆိုင်ကယ်တို့ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ ၃၄၀ တို့ဖြစ်ပါသည်။ ၎င်းတို့သည် တပိုင်တနိုင် ဖြစ်သော အပ်ချုပ်ဆိုင်၊ ဆံသဆိုင်၊ဆိုင်ကယ်၊ ဆိုက်ကား၊ အိမ်မှာ ဓနိမိုးထာရံကာဖြစ်ပါသည်။

နွမ်းပါးသော အိမ်ထောင်စုမှာ ၃၉၁ ဖြစ်ပါသည်။ ၎င်းတို့သည် အလုပ်အကိုင် အတည်တကျမရှိခြင်း ၊ အိမ်ပိုင်ယာပိုင်မရှိသော လက်လုပ်လက်စားများဖြစ်ကြပါသည်။ နွမ်းပါးရခြင်းမှာ ဝင်ငွေထွက်ငွေ မမျှတခြင်း ၊ ကြွေးမည်များတင်ခြင်း အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

**၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။**



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** လယ်သမားများသည် ကဆုန်လတွင် စပါးစိုက်ပျိုးရန်အတွက် လယ်များကိုထွန်ပါသည်။ လက်လုပ်လက်စားများအနေဖြင့် ထိုလတွင် ဝင်ငွေအနည်းငယ်ရရှိပါသည်။ နယုန်လတွင် ပျိုးကဲ့ခြင်းလုပ်ငန်းကို ပြုလုပ်၍ ဝါဆိုလတွင်ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း တို့ကို ပြုလုပ်ပါသည်။ သီတင်းကျွတ်လတွင် စပါးရိတ်သိမ်းကာလဖြစ်၍ လယ်သမားအနေဖြင့် ဝင်ငွေရရှိသောလဟုဆိုရပေမည်။ တန်ဆောင်မုန်းလစပါးရိတ်သိမ်းပြီးချိန်တွင် ဆောင်သီးနှံ စိုက်ပျိုးရန်အတွက် လယ်ထွန်၍ ပဲတီစိမ်းကို စိုက်ပျိုးပါသည်။ တပို့တွဲလနှင့် တပေါင်းလ တွင်ပဲတီစိမ်းဆွတ်ခူးရာသီဖြစ်သဖြင့် လယ်သမားများဝင်ငွေအ ကောင်းဆုံးလဖြစ်ပါ သည်။

**မွေးမြူရေး** မိသားစုတပိုင်တနိုင်ဂင်ငွေရရှိရန်အတွက်ကြက်၊ဝက်၊ဆိတ်၊ဘဲနင့်တို့ကို မွေးမြူ ကြပါသည်။


**စျေးရောင်း** တပိုင်တနိုင် စျေးဆိုင်များ ရှိသဖြင့် စျေးရောင်းခြင်းလုပ်ငန်း ကိုလုပ်ကိုင်ကြသဖြင် တနစ်ပတ်လုံး ဂင်ငွေအသင့်အတင့် ရရှိပါသည်။

**ပွဲတော်များ** တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**တံငါလုပ်ငန်း** တန်ခူး၊ ကဆုန်၊ နယုန်၊ ဂါဆို၊ ဂါခေါင်၊ လများတွင် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင် ကြပါသည်။

**ဝင်ငွေ** သီတင်းကျွတ် တန်ဆောင်မုန်းနှင့် တပို့တွဲလ တပေါင်းလများတွင်ဂင်ငွေများပြီး ကျန်လ များတွင် အသင့်တင့်ရှိပါသည်။

**၄။ ဗင်းပုံစံသုံးသပ်ချက်။**




## သုံးသပ်ချက်

မင်္ဂလွန်းကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်ထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့တို့နှင့် ချိတ်ဆက်ကာ ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးတို့ကို ဦးဆောင်၍ဆောင်ရွက်ပေးပါသည်။ ဂေါပကအဖွဲ့သည်တရားပွဲနှင့်ဘုရားပွဲဖြစ်မြောက်ရေးအတွက်ကျေးရွာလူထုနှင့်ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည် လမ်းတံတားစောင့်ရှောက်သော အဖွဲ့သည် ကျေးရွာလမ်းများမပျက်စီးစေရန်နှင့် ရေရှည်အသုံးပြုနိုင်ရန်အတွက် ကျေးရွာလူထုနှင့် ပူးပေါင်းဆောင် ရွက်ပါသည်။

သာရေးနာရေးနှင့် လူမှုရေးအဖွဲ့သည် ရွာ၏လူမှုရေးအခက်အခဲများကို ဦးဆောင်၍ ဆောင်ရွက်ပေးပါသည်။ ရေရှည်သောက်ရေကန်ထိန်းသိမ်းရေးအဖွဲ့သည် သောက်သုံးရေ လုံလောက်မှု နှင့် မပျက်စီးစေရန်ဆောင်ရွက်ပေးလျှက်ရှိပါသည်။မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် ကော်မတီသည် မြို့နယ်ပညာရေးမှူးရုံးနှင့်ချိတ်ဆက်ကာပညာရေးကဏ္ဍများကို ဆောင်ရွက်နေပါသည်။ အရန်မီးသတ်တပ်ဖွဲ့သည် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ချိတ်ဆက်ကာမီးကင်းလှည့်လှည်ကြည့်ခြင်း၊မိုက်များဖြင့်မီးဘေးကြော်ငြာခြင်းများပြုလုပ် ပေးပါသည်။ ကျေးရွာရေးဘုရားပွဲကိုလည်း လုံခြုံရေး အဖွဲ့ကိုလည်းဆောင်ရွက်ပေးပါသည်။

ရှေးဦးသူနာပြုစုအဖွဲ့သည် ကျေးရွာလူထု၏ ကျန်းမာရေးဆိုင်ရာများကို ဆောင်ရွက်ပေးပါသည်။ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီသည် ယခုဆောက်လုပ်နေသော အဆောက်အဦးပြီးစီးရေးအတွက် ကြည့်ရှုဆောင်ရွက်နေပါသည်။ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့သည် အသက်၇၀ အထက် ဘိုးဘွားများအား ကျန်းမာရေးကိစ္စကို ဆောင်ရွက်ပေးပါသည်။ ရှေးဦးသူနာပြုအဖွဲ့သည် ရွာသူရွာသားတို့၏ ကျန်းမာရေး ဆိုင်ရာများကိုဆောင်ရွက်ပေးနေပါသည်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့သည် အမျိုးသမီးများ၏ လုံခြုံမှုရှိစေရန်အတွက် စောင့်ရှောက်ပေးနေပါသည်။ စာကြည့်တိုက်ဖြစ်မြောက်ရေးအဖွဲ့သည် ကျေးရွာသူ/ရွာသားများ ဗဟုသုတရစေရန် လိုအပ်သော စာအုပ်များကို ဖြည့်စွက်ပေးနေပါသည်။ မင်္ဂလွန်းကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် ရွာသူ/ရွာသားများအားလုံးတို့သည် စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သည်ကိုတွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ်သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ချက်** ကျေးရွာအတွင်းဆုံးဖြတ်ချက်များချရာတွင် အမျိုးသားများက အမျိုးသမီးများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**ပညာရေးပါဝင်မှု** ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးတို့သည် ပညာတတ်မြောက်မှုမှာ တန်းတူညီမျှရှိပါသည်။

**သာရေးနာရေး** ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးတို့သည် သာရေးနာရေးကိစ္စများတွင် တန်းတူညီမျှ ရှိသည်ကိုတွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** အမျိုးသားများသည် စီးပွားရှာခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုအပိုင်းတွင် အမျိုးသမီးများကသာ ရာနှုန်းပြည့် ဆောင်ရွက်ကြရပါသည်။


**ဝင်ငွေရရှိမှု** အမျိုးသားများကသာနေပြီး အမျိုးသမီးများက အားနည်းမှုရှိသည်ကိုတွေ့ရှိရပါသည်။


**အရင်းအမြစ်သုံးစွဲမှု** ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံမတူညီမှုများကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် သဘာဝအရင်းအမြစ်များကိုပိုမိုသုံးစွဲ နိုင်ကြပါသည်။

**အလုပ်ကိုင်အခွင့်လမ်း** ရှေးရိုးစွဲအစဉ်အလာများကြောင့် အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါကအလုပ်အကိုင်အခွင့်အလမ်း ရှားပါးပါသည်။

**ဦးဆောင်နိုင်မှု** အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ ဦးဆောင်နိုင်မှုရှိသည်ကို တွေ့ရှိရပါ သည်။

**၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။**






**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် ၊ ကွန်ဒေါင်း ၊ နွားပျံ ၊ စက်လှေ ၊ ဘောလုံးကွင်း၊ မော်တော်ကားတို့ဖြစ်သည်။ အမျိုးသမီးများ ထိန်းချုပ်ထား သော အရာများမှာ အပ်ချုပ်စက်၊ ပန်းထိုးစက်၊ ဓါးစက်၊ ဆံသဆိုင်၊ အလှပြင်ဆိုင်တို့ ဖြစ်ပါသည်။ အမျိုးသမီး/ အမျိုးသားများ နှစ်ဦးလုံးထိန်းချုပ်ထားသောအရာမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေတွင်း/ရေကန်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ စာကြည့်တိုက်၊ လမ်း၊ တံတား၊ ကျေးရွာဈေး နှင့်ဓမ္မာရုံတို့ဖြစ်ပါသည်။

**အသုံးပြုမှု** - အမျိုးသားများသုံးစွဲသော အရင်းအမြစ်များမှာလယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် ၊ကွန်ဒေါင်း၊ ရွှေနွားပျံ ၊ စက်လှေ ၊ ဘောလုံးကွင်း၊ မော်တော်ကားနှင့် ဆောက်လုပ်ရေး တို့ဖြစ်ပါသည်။ အမျိုးသမီးများ သုံးစွဲသော အရာများမှာ အပ်ချုပ်စက်၊ ပန်းထိုးစက်၊ ဓါးစက်၊ ဆံသဆိုင်၊ အလှပြင်ဆိုင်တို့ ဖြစ်ပါသည်။အမျိုးသမီး/ အမျိုးသားများ နှစ်ဦးလုံးသုံးစွဲသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ရေတွင်း/ရေကန်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ စာကြည့်တိုက်၊ လမ်း၊ တံတား၊ ကျေးရွာဈေး နှင့်ဓမ္မာရုံတို့ဖြစ်ပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးအား ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၂.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသက်နိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်လွဲ့လွဲ့ဆွေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဝင်းကိုဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးသော်ဇင်ထိုက် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်မိုးမိုးခင် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမောင်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်စန္ဒာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးအုန်းကြွယ် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်နီနီစိုး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဒေါ်မြသီတာအေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးကျော်ဇင်ထွန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဒေါ်ညွန့်ညွန့် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဦးသန်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဦးအုန်းလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးအောင်သန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးမြင့်အောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်ခင်ဝိုင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်နယ်လီဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၉ | ဒေါ်ကြင်ရီ | မ | စေတနာ့ဝန်ထမ်း |
| ၂၀ | ဒေါ်ဖြူဖြူကျော် | မ | ကျေးရွာစာရင်းကိုင် |

စုစုပေါင်း။ (၂၀) ယောက်ကျား-၁၀ ယောက် +မ၁၀ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးသက်နိုင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်လွဲ့လွဲ့ဆွေ ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဌ
၃။ဦးကျော်မင်းထွန်း အုပ်စုစီ/ထောက်၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဦးငွေဖြိုးလွင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၅.၂.၂၀၁၇

## ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် ဦးသောင်းဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09-975021414 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးငွေဖြိုးလွင် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ရခိုင် မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု မင်းလှိုင် | ကျေးရွာ မင်းလှိုင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရခိုင် | ၁၄၇၉ | ဘာသာ (၁) ဗုဒ္ဓ | ၁၄၇၉ |
| လူမျိုးစု (၂) ဟိန္ဒူ | ၈၅ | ဘာသာ (၂) ဟိန္ဒူ | ၈၅ |
| လူမျိုးစု (၃) ------------ | - | ဘာသာ (၃) ------------ | - |
| လူမျိုးစုရော ------------ | - | ဘာသာရော ------------ | - |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၀ | ဗုဒ္ဓ | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၀၀ | | |
| စစ်ဘေးရှောင် | ၁၀၀ | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၇၅၈ | ၂၇၉၄ |
| လူမျိုးစု (၁) ရခိုင် | ၂၅၃၅ | ၂၅၁၄ |
| လူမျိုးစု (၂) ဟိန္ဒူ | ၂၂၃ | ၂၈၀ |
| လူမျိုးစု (၃)---------- | - | - |
| အခြား | - | - |
| အိမ်ထောင်ဦးစီး | ၁၂၆၄ | ၃၀၀ |

5552

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း ✓ | အမှတ်ခြစ်ပါ | ကျန်းမာရေး ✓ တိုက်နယ်ဆေးရုံ | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ ✓ ဟိန္ဒူ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☑ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/ မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ပက်ဖြန်မာ

(၂) သာရေး၊ နာရေး အသင်း

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးသောင်းဝေ |
| | လက်မှတ် [signature] နေ့စွဲ ၂.၂.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးဇော်ဖြိုးကျော် |
| | လက်မှတ် [signature] နေ့စွဲ ၂.၂.၂၀၁၇ |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဂန်ထမ်းအမည် | ဦးမောင်ဖိုးမှန် | | | | |
| နေ့စွဲ ၅.၂.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | | |
| ပြည်နယ် / တိုင်း ကချင် | မြို့နယ် [illegible] | ကျေးရွာအုပ်စု မင်းကွန်း | | ကျေးရွာ မင်းကွန်း | |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာ တိုက်နယ်အားကစားကွင်း အသုံးပြုရ... | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | အ.မ.က ကျောင်း မပြုပြင်ရခြင်း | ၂ | ကလေးအားကစားကွင်း မရှိခြင်း |
| ၃ | ကျေးရွာတွင်း မပြုပြင်ရသေးသောလမ်းများ | ၃ | အထက် (အမက) ကျောင်း မပြုပြင်ရခြင်း |
| ၄ | ကျေးရွာ ရေနုတ်မြောင်းများ မရှိခြင်း | ၄ | ရွာကြီး ဆက်လမ်း မရှိခြင်း |
| ၅ | ချောင်းကူး တံတား လိုအပ်ခြင်း | ၅ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာအားကစားကွင်း ကောင်းမွန်စေချင် | ၁ | သောက်သုံးရေ လုံလောက်စေချင်ပါသည် |
| ၂ | အ.မ.က ကျောင်း ပြုပြင်ခြင်း | ၂ | ကလေးအားကစားကွင်း ရှိစေချင်ပါသည် |
| ၃ | ကျေးရွာတွင်း လမ်းများ ကောင်းမွန်စေချင် | ၃ | အထက် (အ.မ.က) ပြုပြင်ရန် ကောင်းမွန်စေချင် |
| ၄ | ကျေးရွာ ရေနုတ်မြောင်းများ ရှိစေချင် | ၄ | ရွာချင်း ဆက်လမ်း ရှိစေချင်ပါသည် |
| ၅ | ချောင်းကူးတံတား ရှိစေချင် | ၅ | အလုပ်အကိုင် အခွင့်အလမ်း ရရှိစေချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။ ပါသည်။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ချောင်းကူး တံတား | က + မ | ၉၅,၀၀၀,၀၀၀ | ၅၅၅၂ |
| ၂ | ရွာတွင်း လမ်းပြုပြင်ခြင်း | က + မ | ၂၅,၀၀၀,၀၀၀ | ၅၅၅၂ |
| ၃ | ကျေးရွာအားကစားကွင်း | က + မ | ၅,၀၀၀,၀၀၀ | ၅၅၅၃ |
| ၄ | အမက ကျောင်းဆောင် ပြုပြင်ခြင်း | မ | ၄,၀၀၀,၀၀၀ | ၅၅၅၃ |
| ၅ | ရွာတွင်း ရေနုတ်မြောင်း | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | က+မ | |
| ၂. | [illegible] | မ. | |
| ၃. | [illegible] | မ | |
| ၄. | [illegible] | | |
| ၅. | [illegible] | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်လဲလဲဆွေ လက်မှတ် [illegible] နေ့စွဲ ၅.၂.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---- မင်းလှ ရိုး ;

ကျေးရွာအုပ်စု ---- မင်းလှ ရိုး ;

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၂.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ကျေးရွာ စီမံကိန်း မိတ်ဆက် အသိပေး အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၃၆၂)ဦး ၊မ (၃၅၁)ဦး= (၇၁၃) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာ လူထုအား လူထုဗဟိုပြု စီမံကိန်း အကြောင်း သိရှိစေရန်၊ လူထု ပိုင်ဆိုင်ရေး မှုး၊ လက်တွေ့ ကျင့်သုံး ပညာ မှုးများအား၊ ကူညီပေးရန်၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းနှင့် ပတ်သက်၍ သိရှိစေခြင်း ။

ဆွေးနွေးချက် - ၊ ကျေးရွာ ဒုဥက္ကဋ္ဌ ရေးမှူးမှ အမှာစကား ပြောကြားရာတွင် ကျေးရွာနှင့် မြို့နယ် အတွက် ကျော်ကြားသော လူထုဗဟိုပြု စီမံကိန်းကို ကျေးရွာလူထုမှ လက်ခံ ကြိုဆိုကြောင်း နှင့် ရွာသူ ရွာသားအားလုံး ပူးပေါင်းပါဝင်ကြရန် အတွက် ပြောကြား ပါသည်။ လူထုဗဟိုပြု စီမံကိန်းအား မိတ်ဆက်ခြင်းတွင် စီမံကိန်းအား မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်တွင် (၃) မြို့နယ်ဖြင့် စတင်ခဲ့ ၂၀၁၄ ခုနှစ် တွင် (၆) မြို့နယ် ၂၀၁၅ ခုနှစ်တွင် (၁၅) မြို့နယ်၊ ၂၀၁၆/၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း (၂၂) ခုသို့ ... မြန်မာနိုင်ငံတွင် လူထုဗဟို ပြု စီမံကိန်း မြို့နယ်ပေါင်း (၆၃) မြို့နယ် ဖြင့် အကောင်အထည်

ဖော်ဆောင်ရွက်ချက် ရှိကြောင်း မိတ်ဆက်ပါသည်။ မိမိကိုယ်တိုင်အား ဒုက္ခ
ရောက် ခဲ့သော နိုင်ငံများမှာ ၊ မြန်မာနိုင်ငံ၊ အီတလီ အစိုးရ၊ ဗျူဟာ
ခိုးရှုမ်း၊ ကမ္ဘာ့,ကာကွယ်ရေး မှ ထောက်ပံ့ ကူညီ ပေးခဲ့ ပါသည်ဟု မိမိကိုယ်
အကြောင်း ; သို့ဖြစ်ပါ၍ အတွက် မိတ်ဆက်ပေးခဲ့ပါသည်- ထို့နောက် လူငယ်
ဟိုမှာ၊ မိမိကိုယ်နှင့် ပတ်သက်သည့် ဒုက္ခခံစားချက်၊ အဓိပ္ပာယ်၊ ဝ
ဝန်ထမ်းများကို သိရှိစေရန်၊ ကျား မ ရေး ကာနှင့် ပတ်သက်သည့် ဥ
ပဒေ (၆) ချက်အား ရှင်းပြခြင်း၊ ပေးရန် အကြံပြုထိုက်ကြောင်း ပြောင်းလဲခြင်းအား
သို့ဖြစ်၍ အတွက် ရှင်းလင်းခြင်း၊ မိမိကိုယ်ကို အပိုင်း (၆) ပိုင်း၊ အသက်
(၁၄) ဆင့်ဖြင့် ၄ နှစ်ဆက်တိုက် အကောင်အထည် ဖော်ဆောင်ရွက်သွား
မည်ဟု သိရှိ၍ ဆွေးနွေးခြင်း၊ ကျေးရွာ ကော်မတီ ရွေးချယ်ခြင်း နှင့်
ပတ်သက်သည် များကို ရှင်းလင်း ပြောကြားခြင်း၊ လူငယ် စည်းရုံးရေး မှူးများ
လက်ထောက် နည်းပညာမှူး များ လုပ်ဆောင်ရမည့် တာဝန်များ ကို
သိရှိရန်အတွက် သင်တန်းများအား ကမ္ဘာ့ အသိ;သိ; ပေးသွားမည်
ဖြစ်ကြောင်း၊ ခိုးဝှက်ခိုက်မှုနှင့် ပြောကြားခြင်း၊ ဒုက္ခရှိ နှင့် ပတ်
သက်သည့် ဒုက္ခသည် ကျေးရွာများသို့ ပေးခြင်း မရှိလျှင်၊ ကျေး
ရွာအုပ်ချုပ်ရေး သို့ ထောက်ပံ့ခြင်းကို သိရှိရန်အတွက် ရှင်းလင်း ပြောကြားခြင်း၊
မိမိကိုယ်တိုင် လုပ်ရပ်များ အကောင်အထည် ဖော်ဆောင်ရွက်ပြီး ဖြစ်ပါက
ယခင်ကဆိုးမည့် အပိုင်းများကို ပြုပြင်ထိန်းသိမ်းရန်အတွက် လည်း ပါဝင်
ကြောင်း၊ အဖွဲ့ အစည်းတွင် NGO အဖွဲ့ အစည်းနှင့်, သဘာဝပတ်
ဝန်းကျင် အဖွဲ့ အစည်းများအား သိရှိရန် ရှင်းပြခြင်း၊ ကျေးရွာ
လူငယ်မှ ရရှိသော အကူအညီ, အခွင့် အရေး များနှင့်, ကော်မတီဝင်များ၏
တာဝန်များအား သိရှိရန် ဖြစ်နိုင်ချေ မရှိသည့်, ပြောင်းလဲချက်များ
အား သိရှိရန်အတွက် ရှင်း လင်း ပြောကြားပါသည်။ မိမိကိုယ်တိုင် ဝန်
ထမ်း နှင့် ပတ်သက်သည့် အဓိကတာဝန် ရှိသူများနှင့်, တာဝန်ဝတ္တရားများ
ကိုလည်း ရှင်းပြခဲ့ပါသည်။ ထို့နောက် ဆေးရုံ ဝန်ထမ်း ရွေးချယ်ရန်
အတွက် ဆေးရုံဝန်ထမ်းအား အဓိပ္ပါယ်ဖော်ပြ (၁၀၀) လျှင် (၁)
ယောက် ထား ရှိ ရမည်ဟု ရှင်းပြပြီး၊ ကျေးရွာလူငယ်အား အပ်နှံ

ဆုံးဖြတ်ချက်

သဘောတူညီ ချက်။ ။ ယောက်ထားကြီးရဲ့ ဆန္ဒ ပြုသော်လည်း မေးမြန်းရာ ကျေးရွာလူထု
မှ (၇) ယောက်ထားကြီးရဲ့ သဘောတူညီခဲ့ကြပါသည်။ ကျေးရွာလူ
ထုအား (၇) ယောက်ထားလျှင် ကျား/မ အချိုးအစားအတွက် မေး
မြန်း ကျေးရွာလူထုအား အဆိုပြုပေးကြရာ ကျား (၅)ဦး၊ မ(၂)
ဦး ထိုပြန်ပါသည်။ ထို ကျား (၅)ဦး ကို မဲပေးရွေးချယ်ပြီး၊ မိန်းမအများ
စုံ ကျား (၄)ဦးနှင့် မ-(၃)ဦးထဲမှ မဲအများဆုံး မ(၃)ဦး
ကို ရွေးချယ်တင်မြှောက်ရာ ကျေးရွာလူထုမှ သဘောတူ ဆုံးဖြတ်
ခဲ့ပါသည်။ ထို့နောက် အသင်း ဝင်မဲပေးကြရာ၊ (က)- ဦးသန်းအောင်၊
ဦးအုန်းလှိုင်၊ ဦးအောင်သိန်း၊ ဦးမြင့်အောင်၊ (မ) ဒေါ်ခင်ရီ၊ ဒေါ်နုပယ်
စိုးဝင်း၊ ဒေါ်ကြည်ရီ၊ တို့မှ အသင်းသား ရွေးချယ်ခံခဲ့ရပြီး၊ စေတနာ
ဝန်ထမ်း အဖြစ် အများရှေ့တွင် မှတ်တမ်းတင်ခဲ့ပါသည်။ ထို့နောက်
အစည်းအဝေး ကို ရုပ်သိမ်းခဲ့ပါသည်။

ဦး ဝေမြင့်လှိုင်
(ကျေးရွာအုပ်ချုပ်ရေးမှူး)
မှတ်တမ်းတင်သူ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ................ မင်္ဂလွန်း

ကျေးရွာအုပ်စု ................ စင်္ဂလွန်း

အစည်းအဝေးပြုလုပ်သည့်နေရာ ................ ဘုန်းကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ................ ၅.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ................ အခက်အခဲ ပြဿနာ၊ မျှော်မှန်းချက်၊ ဖွံ့ဖြိုးရေးလုပ်ငန်း များ ဦးစားပေးရွေးချယ်ခြင်း၊ ကျေးရွာ၏ တောက်ကောက်မှုပွဲ သုံးသပ်ခြင်း

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၃၈၆)ဦး ၊မ (၄၄၃)ဦး= (၈၂၉ ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာလူထုအား အခက်အခဲ၊ ပြဿနာများ၊ မျှော်မှန်းချက်များ ဖော်ထုတ် သိရှိစေခြင်း၊ ကျေးရွာ၏ ထောက်ကောက်မှတ်ဝင်မှုများ၊ ... ခြင်းနှင့် ကာကွယ်ထားမှုများအား သိရှိစေခြင်း ။

ဆွေးနွေးချက် ။ ။ ဈေးဦးရွာ အုပ်ချုပ်ရေးမှူး ဦးသောစိုးဝင်း မှ ကျေးရွာလူထုအား မိမိရွာတွင် ဖြစ်ပေါ်နေသော ပြဿနာ အခက်အခဲများကို မိမိတို့ကိုယ်တိုင်တင် ပြနိုင်ပြီး၊ ကျေးရွာလူထု ပူးပေါင်းပါဝင်မှု အားကောင်း ရန် မိတ်ဆက် ပြောကြားပါ သည်။ ထို့နောက်လူထုစုဝေး ပွဲကို ဦးဇော်ဖြိုးလွင် မှ မင်္ဂလွန်းကျေးရွာတွင် ဖြစ်ပေါ်နေသော ရွာသူရွာသား များ၏ အခက်အခဲ ပြဿနာနှင့် မျှော်မှန်းချက်များကို ကျား - မ ခွဲခြား ဖော်ထုတ်ခဲ့ရာတွင်၊ အမျိုးသားများမှ ထင်မြင်လာ

သော အခက်အခဲများမှာ မိုးကာသီတွင် သွားလာရ ခက်ခဲခြင်း၊
ရေကြီး ရေကျ ရှိအပ်ခြင်း၊ ဝါး၊ ပဲ၊ စိုက်ပျိုးရေး အတွက် မျိုး
ကောင်းမျိုးသန့် များ မရှိခြင်း၊ အမျိုးသမီး များ၏ အခက်အခဲများ
မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ တစ်ပိုင်တနိုင် လုပ်ငန်း
အတွက် အရင်းအနှီး လိုအပ်ခြင်း၊ အေးချမ်းသာ ရွာ နှင့် ဆက်သွယ်
ရန် ရွာချင်းဆက်လမ်း မရှိခြင်း၊ ကျောင်းကျူးတက်စား မရှိ သဖြင့် အတွက်
ရွာတွင်းမှ ပလက်ဖောင် သွားလာရသဖြင့် ခက်ခဲခြင်း၊ အလုပ်အကိုင်အခွ
င့်အလမ်း နည်းပါးခြင်း၊ ထို့ဖြစ်ပါသဖြင့် အမျိုးသား၊ အမျိုးသမီး တို့
၏ မျှော်မှန်း ချက်များ ကို ဖေါ်ထုတ်ရာတွင် လမ်းပန်း ဆက်သွယ်
ရေး ကောင်းမွန်စေခြင်း၊ ရွာချင်းဆက် လမ်း ရရှိစေခြင်း၊ အလုပ်အ
ကိုင်အခွင့်အလမ်း ပေါများ စေခြင်း၊ မိုးကာသီတွင် ရေကန်များ ရေ
ပြည့်ဝ ရရှိစေခြင်း၊ စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့် များ
ရရှိစေခြင်း၊ ကျောင်းကျူးတက်စား ရရှိလာစေခြင်း၊ တစ်ပိုင်တနိုင်
လုပ်ငန်း များအတွက် အတတ်ပညာ နှင့် အရင်းအနှီး များ ရရှိစေခြင်း
တို့ဖြစ်ပါသဖြင့်။ ထို့နောက် လူထု မပေါ်ပြား မိုးလိုက်၊ ပထမဆုံး ခက်ဝန်း အ
တွက် ဈေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ကို ဖော်ထုတ်ခဲ့ပါသည်၊
ထို့နောက် အကျုံးဝင်သော လုပ်ငန်း နှင့် အကျုံးမဝင်သော လုပ်ငန်း
များအား ခွဲထုတ်၊ ဥပမာ ပြပြီး၊ မဲ ခိုင်ကျော် ဦးစားပေး အဆင့် သတ်
မှတ်ရာတွင် ဦးစားပေး အဆင့် (၁) ရွာတွင်းလမ်း များ ပြုပြင်ခြင်း၊
ဦးစားပေး အဆင့် (၂) ရွှေမြင့်မိုရ် ရပ်ကွက် ကျောင်းကျူးတက်စား
တည်ဆောက်ခြင်း၊ ဦးစားပေး အဆင့် (၃) ဈေးရွာ အားကစား ကွင်း
အဆင့် မြှင့်တင်ခြင်း၊ ဦးစားပေး အဆင့် (၄) အမက တာသာဝင်ကျောင်း
တိုးချဲ့ခြင်း၊ ဦးစားပေး အဆင့် (၅) ရွာတွင်း ရေနုတ် မြောင်း ပြုလုပ်
ခြင်း၊ ဦးစားပေး အဆင့် (၆) ဈေးလယ် ဆေးပေးခန်း လမ်း ခင်း၊
[illegible] ဆေးခန်း ခင်းခြင်း၊ နောက်ဆုံး ဦးစားပေး အဆင့် မင်း အဆင့်

ဆုံးဖြတ်ချက်။ ၇ ကြိမ်မြောက် ပါဠသ၃၅။ ထိုဒေါက် ကျေးရွာ မိမိကိုယ် အထောက်အကူပြု
သဘောတူညီချက်
ကော်မတီဝင်များ ဆွေးနွေးအတည်ပြု ရွေးချယ်ပြီး ကော်မတီဝင်ရွေး
ချယ်ခြင်းကို ကိုပြုလုပ်ခဲ့ ပါသ၃၅။ ကျေးရွာ မိမိ ကိုယ် အထောက်
အကူပြု ကော်မတီ အဖွဲ့ဝင် များကို ~~~~ ကဏ္ဍ တစ်ခုခြင်းစီ
အတိုင်း၊ မဲပေးခွင့်ဖြင့် အသီးသီး၊ ဥက္ကဋ္ဌ ခဲ့ကတွင်၊ ကျေး
ရွာ မိမိ အထောက် ဆွေးနွေး ဦးသက်နိုင်၊ ဒေါ်ပါ.လဲ.မြ၊ မောင်
ကြည်.ကြိုး ကြမ်းပြင် ကော်မတီတွင်၊ ဦးမောင်ဝင်း၊ ဒေါ်စန္ဒာ၊ လုပ
ငန်း လုပ်ပေါင်း ထိုင်းသိမ်း ရေးကော်မတီ တွင်၊ ဦးအုန်းကြိုင်၊ ဒေါ်
နီနီဦး၊ ဒေါ်မြသီတာအေး၊ ဝယ်ယူရေး၊ သဘောကော်မတီတွင် ဦးဝင်း
ကိုနီ။ ဦးသောင်းထိုက်၊ ဒေါ်ခင်မိုးဇင်၊ ကျေးရွာ ငွေစာရင်းကိုင်
ဒေါ်ဖြူဖြူကျော် ပေမယ့် အကြံပြု တိုင်ကြားချက် စိစစ်ရေး ကော်
မတီတွင် ဦးကျော်မင်းထွန်းနှင့် ဒေါ်စန်းစန်း၊ တို့မှ မဲအရေ အတွက်
များဖြင့် အသီးသီး ၇ ကြိမ်မြောက် ဒုတိယ ပါဠသ၃၅။ ထိုဒေါက် ကော်မတီတွင်
များအား၊ ဆောင်ရွက်၊ ကြောင်းရေးတို့ကို လက်မှတ်ရေးထိုးပြီး၊ မှတ်တမ်း
တင် ဖိတ်ပြ ကြတာက၊ အခမ်းအနား နိဂုံးချုပ် ၃.ပါသ၃၅။

ဦး ငွေကြိုးလွင်
(လာရောက်သင်တန်းပေးသူ)
မှတ်တမ်းတင်သူ

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)**

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု….)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်) မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ…
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊